စစ်ကိုင်းတိုင်းဒေသ သပိတ်အင်အားစု

strikeforces.sgg@gmail.com

# ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာ လေကြောင်းတိုက်ခိုက်ခံရမှု (၂)နှစ်ပြည့် သဘောထားထုတ်ပြန်ချက်

ရက်စွဲ ။ ၁၁ရက်၊ ဧပြီလ၊ ၂၀၂၅ခုနှစ်။

၁။ စစ်ကိုင်းတိုင်းဒေသ သပိတ်အင်အားစုသည် စစ်ကိုင်းတိုင်းဒေသအတွင်းရှိ စစ်အာဏာရှင်စနစ်ကို အကြမ်းမဖက်လူထုလှုပ်ရှားမှုဖြင့် ဆန့်ကျင်တော်လှန်နေသော သပိတ်ကော်မတီများ၊ သပိတ်အင်အားစုများ၊ ကျောင်းသားသမဂ္ဂများဖြင့် တိုင်းဒေသအဆင့်စုဖွဲ့ထားသော အင်အားစုတစ်ခုဖြစ်ပါသည်။

၂။ စစ်ကိုင်းတိုင်းဒေသ သပိတ်အင်အားစုသည် ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့ မှစတင်၍ ပြည်သူများနှင့်အတူ အကြမ်းမဖက်လူထုလှုပ်ရှားမှုများဖြင့် စစ်အာဏာရှင်စနစ်အပြီးသတ်ချုပ်ငြိမ်းနိုင်ရေး အတွက် ယနေ့အချိန်အထိ တိုက်ပွဲဝင်လျက်ရှိပါသည်။

၃။ အကြမ်းဖက်စစ်ကောင်စီတပ်သည် စစ်ကိုင်းတိုင်းဒေသအပါအဝင် မြန်မာတစ်ပြည်လုံးရှိ ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုနေသော ကျောင်းသားလူငယ်၊ ရဟန်းရှင်လူ၊ အရပ်သားပြည်သူများအား မတရားဖမ်းဆီး နှိပ်စက် သတ်ဖြတ်ခြင်း၊ မုဒိန်းကျင့်ခြင်း၊ လေကြောင်းမှဗုံးကျဲတိုက်ခိုက်ခြင်း စသည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် စစ်ရာဇဝတ်မှုများကို နေ့စဉ် ပြုလုပ်လျက်ရှိပါသည်။

၄။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာတွင် အုပ်ချုပ်ရေးမှူးရုံးဖွင့်ပွဲ ကျင်းပပြုလုပ်နေခဲ့သော ကျေးရွာအတွင်းရှိအပြစ်မဲ့ပြည်သူများအား ၂၀၂၃ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့ နံနက်(၇)နာရီခန့်အချိန်တွင် အကြမ်းဖက်စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပါသည်။

၅။ ပထမအကြိမ်တွင် စစ်ဘက်သုံးတိုက်ခိုက်ရေးလေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ကာ ကျန်ရှိနေသည့် ဒဏ်ရာရသူများနှင့် ဗုံးကြဲတိုက်ခိုက်မှုမှလွတ်မြောက်ခဲ့သော ပြည်သူအများအား MI-35တိုက်ခိုက်ရေး ရဟတ်ယာဉ်ဖြင့် လိုက်လံပစ်ခတ် သတ်ဖြတ်ခဲ့ပါသည်။

၆။ ထိုတိုက်ခိုက်ခဲ့မှုတွင် အသက်မပြည့်သေးသည့် ကလေးငယ် အယောက် (၃၀) ကျော်သေဆုံးပြီး၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ နှင့် အရပ်သားပြည်သူ စုစုပေါင်း (၁၅၈)ယောက်

ထိခိုက်သေဆုံးခဲ့ပြီး၊ ကလေးသူငယ်နှင့်အမျိုးသမီး(၁၈)ယောက်အပါအဝင် ပြည်သူ(၅၀)ကျော် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

၇။ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာဖြစ်စဉ်သည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော စစ်ရာဇဝတ်မှုဖြစ်ပြီး မင်းအောင်လှိုင်ဦးဆောင်သည့် အကြမ်းဖက်စစ်ကောင်စီတပ်နှင့် ဖြစ်ရပ်တွင် ပါဝင်ပတ်သတ်သူများအားလုံး ထိုကျူးလွန်မှုအား တာဝန်ခံရမည်ဖြစ်သည်။

၈။ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နိုင်ရန် မင်းအောင်လှိုင်ဦးဆောင်သော အကြမ်းဖက်စစ်တပ်အား လေယာဉ်ဆီရောင်းချနေသည့် မည်သည့်လူပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းမဆို ကျွန်ုပ်တို့ စစ်ကိုင်းတိုင်းဒေသ သပိတ်အင်အားစုမှ ပြင်းထန်စွာဆန့်ကျင် ကန့်ကွက်ရှုံ့ချသည်။

၉။ယခုလက်ရှိ အခြေအနေတွင် မြန်မာပြည်တွင်းရှိ ပြည်သူ ပြည်သားများသည် ၂၈ ရက်၊ မတ်လ၊ ၂၀၂၅ ခုနှစ်ကဖြစ်ပေါ်ခဲ့သော အလွန်ပြင်းထန်သည့် ငလျင် သဘာဝဘေးဒဏ်ကို ခံစားခဲ့ရပါသည်။ ပြည်သူများသည် ငလျင်ကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲငလျင်ငယ်များ၊ ထိခိုက်ဒဏ်ရာ ရရှိမှုများ၊ သေဆုံးမှုများ၊ နေအိမ်ပျက်စီး ဆုံးရှုံးမှုများ နှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စုအနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ကောင်းမွန်စွာ လုပ်ဆောင်ခြင်းမရှိရုံမျှမက ပြည်တွင်းပြည်ပ မှ အကူညီများကိုပင် ပိတ်ပင်တားဆီးနှောက်ယှက်လျက် ရှိပါသည်။ အကြမ်းဖက်အာဏာသိမ်းစစ်တပ်အနေဖြင့် အပစ်ခတ်ရပ်စဲသည်ဟု ကြေညာထားသော်လည်း ငလျင်ဒဏ်သင့် ဒေသမှ ပြည်သူလူထုအား စစ်ကြောင်းထိုးခြင်း လေကြောင်းမှ ဗုံးကြဲ တိုက်ခိုက်ခြင်းတို့ကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိပါသည်။

၁၀။ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသော အပြစ်မဲ့ပြည်သူများအတွက် မိသားစုများနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်းနှင့် တရားမျှတမှုရရှိရေး၊ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် မင်းအောင်လှိုင်ဦးဆောင်သော အကြမ်းဖက်စစ်ကောင်စီတပ်အား မိမိတို့ စစ်ကိုင်းတိုင်းဒေသ သပိတ်အင်အားစုအနေဖြင့် ဆက်လက် တော်လှန်သွားမည်ဖြစ်ကြောင်း သဘောထား ထုတ်ပြန်အပ်သည်။

**စစ်ကိုင်းတိုင်းဒေသသပိတ်အင်အားစု**